# ပညာပန်းခင်း စာသင်ဆောင်ဆောက်လုပ်ရေး ရန်ပုံငွေစီမံချက်

## မာတိကာ


| | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၂ |
| ၂။ | ဆက်သွယ်ရန်လိပ်စာ | ၂ |
| ၃။ | ၂၀၁၅ ဆောင်ရွက်ခဲ့မှုမှတ်တမ်းအကျဉ်း | ၃ |
| ၄။ | ၂၀၁၆ ဆောင်ရွက်ခဲ့မှုမှတ်တမ်းအကျဉ်း | ၄ |
| ၅။ | ၂၀၁၇ ဆောင်ရွက်ခဲ့မှုမှတ်တမ်းအကျဉ်း | ၅ |
| ၆။ | ၂၀၁၈ ဆောင်ရွက်ခဲ့မှုမှတ်တမ်းအကျဉ်း | ၆ |
| ၇။ | The Road Map | ၇ |
| ၈။ | ညှိနှိုင်းလုပ်ဆောင်မည့်အဖွဲ့အစည်းများ | ၉ |
| ၉ ။ | ပန်လည်ဆန်းစစ်ခြင်း ( Monitoring And Evaluation) | ၉ |
| ၁၀။ | မြေနေရာနှင့် မူကြမ်းပုံစံ | ၁၀ |
| ၁၁။ | အဆောက်အဦးဒီဇိုင်းနှင့် လျာထားရန်ပုံငွေ | ၁၁ |
| ၁၂။ | အခြားလိုအပ်ချက်များ | ၄၆ |
| ၁၃။ | နိဂုံး | ၄၆ |

## ၁။နိဒါန်း

"ပညာပန်းခင်း"သည် ဆရာတော်အရှင်နေမိန္ဒနှင့် "ပညာပါရမီ" ပညာရေးအကြံပေးအဖွဲ့တို့၏ ပူးပေါင်းကြိုးပန်းမှုဖြင့် ၁၉.၈.၂၀၁၅ ခုနှစ်တွင် စတင် တည်ထောင်ခဲ့သည်။ ဆရာတော်၏ အဓိကရည်ရွယ် ချက်မှာ မိမိတို့ အရပ်ဒေသရှိ ကလေးများကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဘာသာ စကား ကျွမ်းကျင်မှု၊ တီထွင်ဖန်တီး နိုင်စွမ်း၊ ကြောင်းကျိုးတွေးခေါ်မှု၊ အဖွဲ့အစည်းစိတ်ဓာတ်၊ ပရဟိတ အခြေခံစိတ်ထား စသည်တို့ကို လေ့လာ သင်ယူနိုင်ရေးအတွက် လေ့ကျင့်သင်ကြားပေးနိုင်သော နိုင်ငံတကာနှင့် ချိတ်ဆက် သင်ကြားပေး နိုင်သည့် Academic Training Center, International College ကဲ့သို့ ပညာရေးစင်ကြီး တစ်ခုဖြစ်လာစေရန် ရည်ရွယ်သည်။

ထိုရည်ရွယ်ချက်ဖြင့် စတင်ဖန်တီးခဲ့ရာ လေးနှစ်တာကာလအတွင်း ကောင်းမွန်သော အကျိုးရလဒ် များကို ရရှိနေပြီ ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်တွင် နန်းဦးဘုန်ကြီးကျောင်းတွင် စတင်ဖွင့်ခဲ့ပြီး ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်တွင် ကျောင်းသားအင်အားများပြားလာ၍ နွေရာသီ သင်တန်းများကို အ.ထ.က နေခြည်တွင် ဖွင့်ခဲ့ရသည်။ ၂၀၁၈ နွေရာသီတွင် ဆရာတော်နှင့် မြို့နေလူထု၏ မတည်ငွေဖြင့် ရှားတောကျေးရွာတွင် ငါးဧကခန့်မျှ ကျယ်ဝန်းသော နေရာဝယ်ယူပြီး သင်တန်းဖွင့်နိုင်ခဲ့သည်။ ယခုအခါ ပညာပန်းခင်းသည် မူလရည်ရွယ် ချက်များ နှင့် အလွန်နီးကပ်နေပြီ ဖြစ်သည်။ သို့သော် လုံလောက်သော အဆောက်အဦး မရှိခြင်းသည် မိမိတို့လုပ်ငန်းစဉ် အတွက် ကြီးစွာသော အဟန့်အတားတစ်ခု ဖြစ်နေသည်။ နိုင်ငံတကာအဆင့်မှီသော စာသင်ဆောင်များ၊ ဆွေးနွေးခန်း၊ စာကြည့်တိုက်၊ စားသောက်ဆောင်၊ နားနေခန်းများ၊ ကစားကွင်းများ ဖန်တီးပေးနိုင်ပါက ရပ်နီး ရပ်ဝေး ကလေးများအတွက် သက်တောင့် သက်သာနှင့် ပိုမိုကောင်းမွန်ထိရောက်သော အခြေအနေတစ်ခု ဖြစ်လာမည်ဟု အပြည့်အဝ ယုံကြည်ထားကြပါသည်။

## ၂။ဆက်သွယ်ရန်လိပ်စာ

Email: pyinnyarpankhin@gmail.com

Facebook: Pyinnyar Pankhin

Website: www.pyinnyarpankhin.com

Phone No. +1 929 257 2256, +95 9798644628, +95 9785543107

ရှားတော အမှတ်(၁)၊ "ပညာပန်းခင်း" အင်္ဂလိပ်စာ လေ့ကျင့်ရေးသင်တန်းကျောင်း၊
မြန်အောင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။

## ၃။ ဆောင်ရွက်ခဲ့မှုမှတ်တမ်းအကျဉ်း

၂၀၁၅ ခုနှစ်

ဆရာအမည်- အရှင်နေမိန္ဒ

ကျောင်းသားအရည်အတွက်- ၅၀

သင်ကြားသည့်စနစ်- အင်တာနေရှင်နယ်ကျောင်း စနစ်

ဝင်ခွင့်- Placement test မရှိ

နေရာ- နန်းဦးကျောင်းတိုက်၊ ရွှေဘုံသာရပ်၊ မြန်အောင်မြို့

လှုပ်ရှားမှုများ- (မှတ်တမ်း+ဓာတ်ပုံ)



၂၀၁၆ ခုနှစ်

ဆရာအမည်- အရှင်နေမိန္ဒ၊ ဒေါ်ကျော့ကေသွယ်၊

ကျောင်းသားအရည်အတွက်- ၃၀၂

သင်ကြားသည့်စနစ်- အင်တာနေရှင်နယ်ကျောင်း စနစ်

ဝင်ခွင့်- Placement test မရှိ

နေရာ- နေခြည် အ.ထ.က ကျောင်း၊ မြန်အောင်မြို့

လှုပ်ရှားမှုများ- (မှတ်တမ်း+ဓာတ်ပုံ)



၂၀၁၇ ခုနှစ်

ဆရာအမည်- အရှင်နေမိန္ဒ၊ ဒေါ်ကျော့ကေသွယ်၊ ဒေါ်ခင်ချမ်းမြေ့၊ Ms. Marie, Ms. Miri (from Germany)

ကျောင်းသားအရည်အတွက်- ၂၂၃

သင်ကြားသည့်စနစ်- အင်တာနေရှင်နယ်ကျောင်း စနစ်

ဝင်ခွင့်- Placement test ဖြေ

နေရာ- နေခြည် အ.ထ.က ကျောင်း၊ မြန်အောင်မြို့

လှုပ်ရှားမှုများ- (မှတ်တမ်း+ဓာတ်ပုံ)






















၂၀၁၈ ခုနှစ်

ဆရာအမည်- အရှင်နေမိန္ဒ၊ ဦးဇင်မင်း၊ ဒေါ်သီရိသက်ပိုင်၊ ဒေါ်ခိုင်ဝင်းကြည်၊ Mr. Alan H (from England)

ကျောင်းသားအရည်အတွက်- ၂၁၁+ ၇၅ (လက်တွေ့သိပ္ပံအတွက် ထပ်တိုး ၇၅ ယောက်)

နေရာ- "ပညာပန်းခင်း"ကျောင်း၊ ရှားတော အမှတ် (၁)၊ မြန်အောင်မြို့

လှုပ်ရှားမှုများ- (မှတ်တမ်း+ဓာတ်ပုံ)






















## ၄။ The Road Map

Teaching System of Pyinnyar Pankhin English Training Center, Myanaung

| Certificate | Non-certificate | C/N |
|---|---|---|
| ↓ | ↓ | ↓ |
| (A) | (B) | (C) |

**Level 1: Beginner (1)** ( 3 months)

**Level 2: Beginner (2)** (3 months)

↓

**Level 3: Intermediate (1)** (3 months)

**Level 4: Intermediate (2)** (3 months)

↓

**Level 5: Advanced (1)** (3 months)

**Level 6: Advanced (2)** ( 3 months) → **Basic IELTS** (3 months)

**IELTS** (3 months)

**Special Events**

**(Leadership Training Courses)**

**(Domestic Science Courses)**

**(Environmental Training Courses)**

**(Public Speaking Courses)**

**(Debate Training Courses)**

**(Teacher Training Courses)**

**(Management Training Courses)**

**(Workshop and more)**

**သင်တန်းများ။** ။ သင်တန်းများကို အရည်အသွေးပြည့်ဝသည့်ဆရာများမှ နိုင်ငံတကာ စံချိန်စံညွှန်းအတိုင်း သင်ကြားပို့ချပေးမည် ဖြစ်သည်၊ 4-skills လုံးတွင် သတ်မှတ်ထားသည့် စံချိန်စံညွှန်းပြည့်မှီလျှင် နောက်အဆင့် တစ်ဆင့်သို့ တက်ရောက်သင်ယူနိုင်သည်၊ ရဟန်းရှင်လူ မည်သူမဆို placement test ဖြေဆိုပြီး မိမိရရှိသည့် အဆင့်တွင် လေ့လာသင်ယူနိုင်သည်၊ (A)နှင့် (B) အတန်းအားလုံးကို အင်္ဂလိပ်ဘာသာစကားဖြင့်သာ သင်ကြားပို့ချမည်ဖြစ်ပြီး "ပညာပန်းခင်း" စာကြည့်တိုက်ကဒ်ရှိသူများသာ တက်ရောက်နိုင်သည်၊ ( C) ကိုကား မည်သူမဆို တက်ရောက်နိုင်သည်၊ သင်တန်းအားလုံးသည် အခမဲ့ဖြစ်သည်။

***မှတ်ချက်။ IELTS ဖြေဆိုရန်အတွက် ငွေကြေးအခက်အခဲ အမှန်ရှိသည့် ထူးချွန်ကျောင်းသူကျောင်းသားများကို "ပညာပန်းခင်း"မှ စာမေးပွဲကြေး တစ်ကြိမ် ထုတ်ပေးမည် ဖြစ်သည်။***

**စာကြည့်တိုက်။** ။ သက်တမ်းမကုန်သေးသော "Pyinnyar Pankhin Student" ကဒ်ရှိသူ မည်သူမဆို "ပညာပန်းခင်း" စာကြည့်တိုက်တွင် စာအုပ်ဖတ်ရှု၊ ငှားရမ်းနိုင်သည်၊ စာကြည့်တိုက်အသင်းဝင်ကဒ်၏ တန်ဘိုးမှာ ၅၀၀၀ ကျပ်ဖြစ်သည်။ E-library မှ စာအုပ်များကိုလည်း စာကြည့်တိုက်မှူးထံမှ အခမဲ့ ရယူနိုင်သည်။

**သတင်းနှင့်အချက်အလက်။** ။ နိုင်ငံတကာသို့ ပညာသင်လိုသည့်ကျောင်းသူကျောင်းသားများသည် လိုအပ်သည့် သတင်းအချက်အလက်များကို Pyinnyar Pankhin Website တွင် လေ့လာနိုင်သည်၊ သို့မဟုတ် Information Office တွင် မေးမြန်း စုံစမ်းနိုင်သည်၊ လိုအပ်ပါက အခြားနိုင်ငံရှိ မိမိတက်ရောက်လိုသည့် တက္ကသိုလ်သို့ လျှောက်ဖို့ရာ ထိုဌာနတွင်ပင် အကူအညီတောင်းနိုင်သည်။

**"ပညာပန်းခင်း" စားသောက်ဆိုင်။**။ ဈေးနှုန်းချိုသာပြီး ကျန်းမာရေးနှင့်ညီသော အစားအသောက်ကိုသာ ရောင်းချမည်ဖြစ်သည်၊ မိမိစားလိုသည့်ဟင်းကိုသာ ဝယ်ယူပြီး မိမိပန်းကန်ပြားထဲသို့ ထည့်စားရမည့်စနစ်ဖြစ်သည်၊ အရည်သောက်မှလွဲ၍ မည်သည့်ဟင်းမှ သီးခြားပန်းကန်ဖြင့် မပေးပါ၊ မိမိစားမည့်ပန်းကန်ကို မိမိကိုယ်တိုင်ယူပြီး မိမိကိုယ်တိုင် ပြန်ထားရမည်၊ မိမိမှာထားသည့် ထမင်း/ဟင်း ကျန်ရှိလျှင် ဒဏ်ငွေ ၅၀၀၀ကျပ် ပေးဆောင်ရမည်၊ "ပညာပန်းခင်း" ကျောင်းသူကျောင်းသားများသာမက စည်းကမ်းလိုက်နာမည့်သူ မည်သူမဆို လာရောက် စားသောက်နိုင်သည်။

**အင်တာနက်။**။ စာသင်ခန်း၊ စာကြည့်တိုက်၊ စားသောက်ဆိုင်တို့တွင် Wifi လွှင့်ပေးထားမည်ဖြစ်ပြီး အခမဲ့ လွတ်လပ်စွာ သုံးစွဲနိုင်သည်။

**အားကစားကွင်း။**။ သင်တန်းချိန်မဟုတ်လျှင် "ပညာပန်းခင်း"ကျောင်းသူကျောင်းသားများ လွတ်လပ်စွာ အသုံးပြုနိုင်သည်၊ Non-Pyinnyar Pankhin student သူများသည် သက်ဆိုင်ရာတာဝန်ရှိသူများမှ ခွင့်ပြုသည့်အချိန် အတွင်းသာ အသုံးပြုနိုင်သည်။

**"ပညာပန်းခင်း" အဆောင်**။ ။ "ပညာပန်းခင်း"သင်တန်းများကို ရပ်ဝေးမှ (မြန်အောင်မြို့ နှင့် မိုင်၂၀ အထက်) လာရောက် သင်ယူနေသူများကိုသာ အဆောင်နေ ကျောင်းသူကျောင်းသား အဖြစ် လက်ခံမည်ဖြစ်သည်၊ ရေမီးနှင့် အဆောင် စရိတ်မှာ တစ်လလျှင် ၇၀၀ ကျပ် ဖြစ်သည်၊( ခေတ်ကာလအရ ဈေးနှုန်းအပြောင်းအလဲ ရှိနိုင်သည်)၊ အဆောင်စည်းကမ်းဖောက်ဖျက်လျှင် "အဆောင်နေ ကျောင်းသူကျောင်းသားအဖြစ်" ချက်ချင်း ရပ်နားပြီး သင်တန်း တက်ခွင့်ကိုလည်း အကန့်အသတ်မရှိ ရပ်နားနိုင်သည်။

စာသင်ဆောင်၊ စားသောက်ဆိုင်၊ စာကြည့်တိုက်ပြီးစီးပါက ပညာပန်းခင်းကို နိုင်ငံတော် အသိအမှတ်ပြု "ပညာရေး စင်တာ" အဖြစ် တရားဝင် ဖွင့်လှစ်မည် ဖြစ်သည်။

## The Road Map of Pyinnyar Pankhin English Training Center (Part 2)

*International College ( NEMINDA COLLEGE) ဖွင့်လှစ်မည်ဖြစ်သည်။*

## The Road Map of Pyinnyar Pankhin English Training Center (Part 3)

***International Meditation Garden ( MYANAUNG INTERNATIONAL MEDITATION GARDEN) ဖွင့်လှစ်မည်ဖြစ်သည်။***

## ၅။ ညှိနှိုင်းလုပ်ဆောင်မည့်အဖွဲ့အစည်းများ

နာယက -အရှင်နေမိန္ဒ၊ မြို့နယ်ပညာရေးမှူး၊ ဦးသန်းဆွေ

ဥက္ကဋ္ဌ -ဦးဝင်းရီ

ဒု ဥက္ကဋ္ဌ - ဦးငွေအောင်

အတွင်းရေးမှူး - ဦးမြင့်လွင်

တွဲဖက်အတွင်းရေးမှူး -ဦးဇော်ခင်ဦး

ဘဏ္ဍာရေးမှူး -ဦးလွင်ဦး၊ ဒေါ် မြင့်မြင့်ဆွေ

ပြန်ကြားရေးအဖွဲ့ - ဒေါ်ခိုင်လဲ့လဲ့မို့၊ဒေါ်မြတ်ထက်ဦး

မှတ်တမ်းရေးသူ - ကိုဇော်လွင်ဦး

သင်တန်းကြီးကြီးကြပ်သူ -ဒေါ် မြမြငွေ ၊ဒေါ်စန္ဒာ၊ ဒေါ် မြတ်သက်ငြိမ်း ၊ဒေါ် မြင့်မြင့်ဆွေ ၊ဒေါ်ကျော့ကေသွယ်

အဖွဲ့ဝင်များ -ဒေါ်မျိုးစုစုကြည် ၊ဒေါ်မီမီရန်အောင် ၊ ဒေါ်သဲစုယမုံ ၊ဒေါ်ခိုင်နှင်းစိုး၊ ဒေါ်ခင်မျိုး မြတ်

## ၆။ ပြန်လည်ဆန်းစစ်ခြင်း ( Monitoring And Evaluation)

*လစဉ်အစည်းအဝေးပြုလုပ်ခြင်း

*(၃)လတစ်ခါ ငွေစာရင်းရှင်းတမ်း

*တစ်လတစ်ခါ အလှူငွေစာရင်းထုတ်ခြင်း


*သင်တန်းသားများကို ရွေးချယ်ခြင်း

*သင်တန်းပြီး ပြန်လည်ဆန်းစစ်ခြင်း

*သင်တန်းဆင်း Certificate ထုတ်ပေးခြင်း

*စာရင်းစစ်ခြင်း

## ၆။ မြေနေရာနှင့် မူကြမ်းပုံစံ



## ၇။အဆောက်အဦးဒီဇိုင်းနှင့် လျှာထားရန်ပုံငွေ

**၈။အခြားလိုအပ်ချက်များ**

| စဉ် | အမည် | အရေအတွက် | ဈေးနှုန်း | သင့်ငွေ |
|---|---|---|---|---|
| ၁ | Air Conditioners | သေး (၉) | ၄၀၀,၀၀၀/ ကျပ် | |
| ၂ | Air Conditioners | ကြီး (၆) | | |
| ၃ | Projector | ၉ | ၄၅၀,၀၀၀ ကျပ် | |
| ၄ | White Board | ၉ | ၁၅၀၀၀ ကျပ် | |
| ၅ | Sensors | ၁၆ | | |
| ၆ | CCTV | ၁၀ | ၃၀၀,၀၀၀ ကျပ် | |
| ၇ | စာသင်ခုံ | ၉၀ (၃-ယောက်ထိုင်) | ၃၅၀၀၀ ကျပ် | |
| ၈ | မီးသတ်ဆေးဗူး | ၁၅ | ၂၅၀၀၀ ကျပ် | |

**၉ ။ နိဂုံး**

အထက်ဖော်ပြပါ စာသင်ဆောင်သည် Pyinnyar Pankhin English Training Center အတွက် လွန်စွာမှ အရေးပါလှသည်၊ တစ်နှစ်ပတ်လုံး ကျောင်းဖွင့်နိုင်ရေးနှင့် ဒီပလိုမာ ပေးရေးအတွက် မရှိမဖြစ် လိုအပ်လျှက်ရှိပါသည်၊ ကျောင်းဆောင်သစ်ကြီးဖြစ်ပေါ်ရေးအတွက် ဝိုင်းဝန်းလှူဒါန်းပေးကြပါရန်လည်း မေတ္တာရပ်ခံအပ်ပါသည်။

ပညာပန်းခင်းကော်မတီဝင်များ

မြန်အောင်မြို့

ဧရာဝတီတိုင်းဒေသကြီး